# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၂၁)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်**

**(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## မူကြမ်း

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၇၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၈.၅၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအနက်မှ အစီအစဉ် ၇၊ အစီအစဉ် ၈၊ အစီအစဉ် ၉ မှအပ ကျန်အစီအစဉ်များကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးကို မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ် မြောက်ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူများရဲ့စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေဖြင့် တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ပဲခူးမဲဆန္ဒနယ်မှ ဦးကြင်သိန်း ခွင့် ၄ ရက်၊

(၂) ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း ခွင့် ၁ ရက်၊

(၃) မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် ခွင့် ၄ ရက်၊

(၄) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၁ ရက်၊

(၅) ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၃ ရက်၊

(၆) ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးရှိန်ကျော်ဝင်း ခွင့် ၁ ရက်၊

**မူကြမ်း**

(၇) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၃ ရက်၊

(၈) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု ခွင့် ၃ ရက်နှင့်

(၉) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၄ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာတက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအတွက် မှတ်ပုံမတင်မနေရ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်သည့် အစိုးရအဖွဲ့အစည်းအပါအဝင် ကုမ္ပဏီ၊ အသင်းအဖွဲ့အစည်းများနှင့် အလုပ်သမားဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်သောလုပ်ငန်းများမှ အလုပ်သမားများအားလုံး ခံစားခွင့်ရရှိရန် အစိုးရက ယခုသက်တမ်းတွင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ စပ်လျဉ်းသည့်မေးခွန်း**

ဥက္ကဋ္ဌ။ ။ ဦးစွာ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသောပုဂ္ဂိုလ်အားလုံးတို့ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မေးခွန်းကို ဦးစွာ တင်ပြမေးမြန်းလိုပါတယ်။ မေးခွန်းမှာ လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအတွက် မှတ်ပုံမတင်မနေရပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သည့်အစိုးရအဖွဲ့အစည်းအပါအဝင် ကုမ္ပဏီ၊ အသင်းအဖွဲ့အစည်းများနှင့် အလုပ်သမားဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်သောလုပ်ငန်းများမှ အလုပ်သမားများအားလုံး ခံစားခွင့်ရရှိနိုင်ရန် ပြည်ထောင်စုအစိုးရမှ ယခုသက်တမ်းတွင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အကျိုးအကြောင်းဖော်ပြချက်အနေနဲ့ တင်ပြလိုပါတယ်။ နိုင်ငံတော်၏ အဓိကကုန်ထုတ်စွမ်းအားစုဖြစ်တဲ့ အလုပ်သမားများရဲ့ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုရရှိစေရန် လက်တွေ့ပကတိအခြေအနေနဲ့ကိုက်ညီသော အကျိုးခံစားခွင့်များ ခေတ်နှင့်လျော်ညီစွာရရှိစေရန်သော်လည်းကောင်း အလုပ်သမားများ၏ မကျန်းမာမှု၊ မီးဖွားမှု၊ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရမှု၊ သေဆုံးမှုတို့အတွက် ငွေကြေးခံစားခွင့်၊ အငြိမ်းစားယူပြီး ဆေးဝါးကုသခံယူခွင့်၊ မိသားစုထောက်ပံ့ခံစားခွင့်၊ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု ထောက်ပံ့ခံစားခွင့်၊ သက်ပြည့်အငြိမ်းစားခံစားခွင့်၊ ကျန်ရစ်သူအကျိုးခံစားခွင့်၊ အလုပ်လက်မဲ့အကျိုးခံစားခွင့်၊ အိမ်ရာနေထိုင်ခွင့်၊ ပိုင်ဆိုင်ခွင့်များရရှိစေရန်သော်လည်းကောင်း ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လူမှုဖူလုံရေးအခွင့်အရေးများ မှန်မှန်ကန်ကန်ရရှိစေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ မဖြစ်မနေဆောင်ရွက်ရန် လိုအပ်ပါသည်။ ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေအရ လူမှုဖူလုံရေးစနစ်နှင့် အကျိုးခံစားခွင့်များအတွက် မှတ်ပုံမတင်မနေရပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေသည့် အချက် ၁၅ ချက်ပါ အစိုးရဌာနများ စည်ပင်သာယာရေးအဖွဲ့အစည်းများ ကုမ္ပဏီ၊ အသင်းအဖွဲ့အစည်းများ၊ ဆိုင်များ အလုပ်သမားဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်သောလုပ်ငန်းဌာနများတို့မှ အလုပ်

သမားများမှာ လူမှုဖူလုံရေးမှတ်ပုံတင်နိုင်မှသာ အကျိုးခံစားခွင့်များ ခံစားရရှိနိုင်မှာဖြစ်ပါတယ်။ ထို့ကြောင့် မှတ်ပုံမတင်မနေရပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်သည့် အလုပ်သမားများနှင့် အခြားဆန္ဒရှိ အလုပ်သမားများ လူမှုဖူလုံရေးမှတ်ပုံတင်နိုင်ရန် ဆောင်ရွက်ပေးသင့်ပါတယ်။ သို့ပါ၍ လူမှုဖူလုံရေးစနစ် အကျုံးဝင်နိုင်ငံ့ဝန်ထမ်းများနှင့် ကာယဉာဏလုပ်သားများအတွက် အကျိုးခံစားခွင့်များနှင့် သက်ဆိုင်သော မေးခွန်းအား လွှတ်တော်သို့ မေးမြန်းတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်ဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)** ။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ရှင်။ ကျွန်မကတော့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း ဖြစ်ပါတယ်။ အလုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကျွန်မပြန်လည်ရှင်းလင်းတင်ပြပါ့မယ်ရှင်။ ကျွန်မတို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနဟာ ၃၁-၈-၂၀၁၂ ရက်နေ့က ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၅)အဖြစ် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေကို ၁-၄-၂၀၁၄ ရက်နေ့တွင် စတင်ကျင့်သုံးခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ဥပဒေအသစ်ကို စတင်အကောင်အထည်ဖော်သည့် ကာလ ၁၀ လကျော်သို့သာ ရှိပါသေးတယ်ရှင်။ လက်ရှိနိုင်ငံတော်အစိုးရလက်ထက်တွင် ပေါ်ပေါက်ခဲ့တဲ့ ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေကို စတင်အကောင်အထည်ဖော်သည့်အခါ ပုဒ်မ ၁၀၀ နှင့်အညီ အာမခံစနစ်များကို အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ကြောင်း ပြဋ္ဌာန်းချက်အရ အာမခံစနစ် ခြောက်မျိုးရှိသည့်အနက်မှ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်၊ မိသားစုထောက်ပံ့မှုအာမခံစနစ်၊ အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်အာခံစနစ် သုံးမျိုး ကိုသာ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်ရှင်။ ဥပဒေကို စတင်ကျင့်သုံးပြီးနောက် ပြည်ထောင်စုအစိုးရအဖွဲ့က ယခင်ကထက် လူမှုဖူလုံရေးအဖွဲ့အပေါ်တွင် အားပေးကူညီမှုများရှိခဲ့ပြီး အဖွဲ့၏ဆောင်ရွက်နေမှုများကို အသိအမှတ်ပြုခဲ့ပါတယ်။ လူမှုဖူလုံရေးအဖွဲ့၏ ကြိုးစားဆောင်ရွက်မှု

များစွာကြောင့် ၂၀၁၄ ခုနှစ် မတ်လကနေစပြီး အကျုံးဝင်အလုပ်ဌာနပေါင်း ၃၃၁၁၉ ရှိရာမှ အာမခံလုပ်သားဦးရေ ခုနစ်သိန်းကျော်ရှိခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလရောတဲ့အခါ အကျုံးဝင်အလုပ်ဌာန ၃၄၅၄၀ ဖြစ်လာပြီးတော့ အာမခံလုပ်သားဦးရေဟာ ၇၆၄၇၀၅ ဦးအထိ တိုးတက်မှတ်ပုံလာတာ တွေ့နိုင်ပါတယ်။ ယခင်နှစ်ကထက် အလုပ်သမား ခြောက်သောင်းကျော် ပိုမိုမှတ်ပုံတင်တဲ့အကြောင်း တင်ပြချင်ပါတယ်ရှင်။ အဆိုပါအလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်ပြီး စီမံကိန်းကာလစတင်တဲ့ ၁၀ လတာကာလအတွင်းမှာ နိုင်ငံတော်အစိုးရလက်ထက် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၅) အရ ပြဋ္ဌာန်းခဲ့တဲ့ လူမှုဖူလုံရေးစီမံကိန်း ၁၀ လတာကာလရဲ့ လုပ်ဆောင်မှုကို ကျွန်မတင်ပြပါ့မယ်။

အာမခံအလုပ်သမားများရဲ့ အခမဲ့ဆေးကုသမှုအပြင် မကျန်းမာမှု၊ မီးဖွားမှု၊ မီးဖွားစရိတ်၊ ဖခင်ဘဝဖြစ်မှုခံစားခွင့်၊ ဇနီးဖြစ်သူ မီးဖွားခြင်း အစရှိတဲ့မီးဖွားစရိတ်၊ နာရေးစရိတ်၊ ယာယီမသန်စွမ်းမှု၊ အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးလျက်ရှိပါတယ်။ ထို့အပြင် လူမှုဖူလုံရေးဆေးရုံကြီးများသို့ တက်ရောက်ကုသရခြင်းအတွက် ခရီးစရိတ်အပါအဝင် ဆေးဖိုးပြန်လည်ပေးအမ်းခြင်းကိုလည်း ခွင့်ပြုထုတ်ပေးခဲ့တဲ့ အမှုတွဲပေါင်းက ၆၀၅၅၀ ရှိပါတယ်။ ဒီအတွက် ခွင့်ပြုငွေကျပ်ဟာ ၉၇၉.၅၁၃ သန်းအထိ သုံးစွဲခဲ့ပါတယ်ရှင်။ ထို့အပြင် လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးသွားတဲ့ အာမခံအလုပ်သမား ၅၄ ဦးရဲ့ မိသားစုကို ကျန်ရစ်သူအကျိုးခံစားခွင့်နှင့် နာရေးစရိတ်က ၁၅၁.၇၄၂ သန်း ခွင့်ပြုခဲ့ပါတယ်။ အာမခံအလုပ်သမားတွေရဲ့ လုပ်ငန်းခွင်မပျက် ဆေးကုသမှုကိုလည်း ကျွန်မတို့ လူမှုဖူလုံရေး ဆေးရုံ၊ ဆေးခန်းကို လာရောက်ပြီးတော့ ပြသရန်ခက်ခဲနေတဲ့ အာမခံအလုပ်သမားများရဲ့ လိုအပ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း ရွေ့လျားဆေးကုသယာဉ်(Mobile Medical Unit) နဲ့ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းခွင်အရောက် စမ်းသပ်မှု၊ ဆေးကုသမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလမှ ဒီဇင်ဘာလအထိ ၁၁ လတာကာလမှာ ကျွန်မတို့ ကျန်းမာရေးစောင့်ရှောက်တဲ့မှု ခံယူတဲ့လူပေါင်းဟာ အာမခံအလုပ်သမားပေါင်း ၄၃၅၉၄ ဦးရှိတဲ့အပြင် ငွေကျပ်အရ ၅၀၀.၉၇၀ သန်း အကုန်အကျခံပြီး ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးခဲ့ပါတယ်။

ကျန်အာမခံစနစ် သုံးမျိုးမှာပါဝင်တဲ့ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစားအကျိုးခံစားခွင့်၊ ကျန်ရစ်သူခံစားခွင့် အာမခံစနစ်အပြင် အခြားလူမှုဖူလုံရေးစနစ်ပါ အိမ်ရာစီမံကိန်းကိုတော့ ပုဒ်မ ၁၀၀ နှင့်အညီ အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဘဏ္ဍာရန်ပုံငွေဖူလုံမှုအပေါ်မှာမူတည်ပြီးတော့ လာမယ့်ဘဏ္ဍာရေးနှစ်များ

မှာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလိုဖော် ဆောင်ရွက်ရာမှာ အာမခံစနစ်များအလိုက် လစဉ်အလုပ်သမား၏ တစ်လလုပ်ခဝင်ငွေအပေါ်မူတည်ပြီး ထည့်ဝင်ကြေးများကို အလုပ်ရှင်နှင့်အလုပ်သမားတို့မှ သတ်မှတ်ရာခိုင်နှုန်းအရ အချိုးကျထည့်ဝင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အလုပ်ရှင်အလုပ်သမားတို့ရဲ့ ထည့်ဝင်နိုင်မှုအခြေအနေအပေါ်မှာ မူတည်ပြီးတော့ အလေးထားချင့်ချိန်ဆောင်ရွက်လျက်ရှိပါတယ်ရှင်။

ဒါ့အပြင် လက်ရှိအခြေအနေမှာ မဝင်မနေရပြဋ္ဌာန်းချက်၌ အလုပ်သမား ငါးဦးနှင့်အထက်ရှိသော လုပ်ငန်းများကိုသာ သတ်မှတ်ထားရာမှ မဝင်မနေရပြဋ္ဌာန်းချက်များတွင် အလုပ်သမားသုံးဦးအထက်ကိုသော်လည်းကောင်း၊ သို့တည်းမဟုတ်ရင် တစ်ဦးအထက်သို့လည်းကောင်း လျှော့ချသတ်မှတ်ပြီး အကျုံးဝင်စေခြင်း၊ လက်ရှိမြို့နယ်ရုံးခွဲများတွင် အကျုံးဝင်ခြင်းမရှိသော ကျန်မြို့နယ်များမှ နီးစပ်ရာမြို့နယ်ရုံးခွဲများသို့ အကျုံးဝင်ရန် တိုးချဲ့သတ်မှတ် အကျုံးဝင်စေခြင်းများကို ဆောင်ရွက်သွားရန် လျာထားထားပါတယ်။ လူမှုဖူလုံရေးဥပဒေသစ်တွင်ပါရှိတဲ့ စာချုပ်၊ ဆေးရုံ၊ ဆေးခန်းစနစ်ကိုလည်း အကျုံးဝင်မြို့နယ်များတွင်လည်း အကောင်အထည်ဖော်ပြီးတော့ လူမှုဖူလုံရေး ဆေးရုံ၊ ဆေးခန်းအဆင့်မြှင့်တင်ခြင်းနှင့် တိုးချဲ့ခြင်းအားလည်း လူမှုဖူလုံရေးစီမံကိန်းကို တစ်မျိုးသားလုံး အကျုံးဝင်နိုင်သည့် စီမံကိန်းဖြစ်အောင် ဆောင်ရွက်သွားနိုင်ရေးကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူပြီး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လူမှုဖူလုံရေးအဖွဲ့အနေနဲ့ လူမှုဖူလုံရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သောအလုပ်ဌာနများမှ အလုပ်သမားများအားလုံး လူမှုဖူလုံရေးအကျိုးခံစားခွင့်ရရှိနိုင်ဖို့ အောက်ပါလုပ်ငန်းများကို ဆောက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်ရှင်။

(က) ကျန်မြို့နယ်အားလုံးအား အကျုံးဝင်လာနိုင်စေရေးအတွက် တိုးချဲ့သတ်မှတ်ဆောင်ရွက်ခြင်း၊

(ခ) သတ်မှတ်လုပ်ငန်းများမှ အလုပ်သမားအားလုံး အကျုံးဝင်လာစေရန် ဆောင်ရွက်ခြင်း၊

(ဂ) ကျန်အာမခံစနစ်သုံးမျိုးကို လာမယ့်ဘဏ္ဍာရေးနှစ်များအတွင်း ဆောင်ရွက်နိုင်မှုအခြေအနေများကို ဆက်လက်ဖော်ဆောင်ခြင်းဖြစ်ပါတယ်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေပါပြဋ္ဌာန်းချက်များအရ အလုပ်သမားများအားလုံးအကျုံးဝင်ပြီး အကျိုးခံစားခွင့်များကို ရရှိစေနိုင်ရန်အတွက် အဖွဲ့ရဲ့ ဝန်ထမ်းအင်အား၊ ဘဏ္ဍာငွေခွင့်ပြုချက်များအရ ပြည်ထောင်စုအစိုးရရဲ့ ပံ့ပိုးကူညီမှု၊ အလုပ်ရှင်၊ အလုပ်သမားများရဲ့

ပူးပေါင်းဆောင်ရွက်မှု လိုအပ်ပါတယ်ရှင်။ လုပ်သားထုတစ်ရပ်လုံး လူမှုဖူလုံရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို အလုပ်သမားထုများ၊ ဝန်ထမ်းများအားလုံး အကျုံးဝင်စေပြီး အကျိုးခံစားခွင့်ရရှိစေနိုင်ရန်အတွက် နိုင်ငံတော်အစိုးရဘက်မှ အားပေးမှုတွေ၊ ကူညီမှုတွေရှိသည့်အပြင် ထပ်မံတိုးချဲ့နိုင်ရန်အတွက် ဝန်ထမ်းဖွဲ့စည်းပုံ အဖွဲ့အစည်းကို ပိုမိုကျစ်လျစ်ခိုင်မာစေရန်လည်းကောင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးစေရန်အတွက်လည်းကောင်း၊ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီစေရန် နိုင်ငံတကာပညာရှင်တွေ၊ အဖွဲ့အစည်းတွေဖိတ်ကြားပြီးတော့ ဆွေးနွေးပွဲတွေကိုလည်းကောင်း၊ နိုင်ငံတကာကို သင်တန်းတွေစေလွှတ်၍သော်လည်းကောင်း ဆောင်ရွက်လုပ်ဆောင်ပေးနေတဲ့အပြင် ကျွန်မတို့ လူမှုဖူလုံရေးအဖွဲ့အပေါ်မှာ လုပ်ဆောင်မှုတွေအပေါ် အသိအမှတ်ပြုတဲ့အပြင် တွန်းအားပေးဆောင်ရွက် လျက်ရှိပါကြောင်း ကျွန်မအနေနဲ့ ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဦးခိုင်မောင်ရည်ကို မိုက်ပေးပါ။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်း နည်းနည်းမေးမြန်းလိုပါတယ်။ ဒုတိယဝန်ကြီးဖြေသွားတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံ့ဝန်ထမ်းများ လစာတိုးမြှင့်လာခြင်းနဲ့ အလုပ်သမားများရဲ့ လူမှုဖူလုံရေးအကျိုးခံစားခွင့်အပေါ် ဆက်စပ်မှုနှင့် အကျိုးသက်ရောက်မှုရှိ/မရှိ။ အကယ်၍ရှိပါက အလုပ်သမားများရဲ့ လူမှုဖူလုံရေးအကျိုးခံစားခွင့် ယခုထက်ပို၍ တိုးမြှင့်ပေးနိုင်ခြင်းရှိ/မရှိ သိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒေါ်ဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)**။ ။ နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ လူမှုဖူလုံရေးအဖွဲ့ကို ဝင်ရောက်မယ်ဆိုရင် နိုင်ငံ့ဝန်ထမ်းသည် အလုပ်သမားအနေနဲ့ ထည့်ဝင်ကြေးပေးရပါမယ်။ ထို့အတူ အလုပ်ရှင်ဖြစ်တဲ့ နိုင်ငံတော်အစိုးရကလည်း ထည့်ဝင်ကြေး ထည့်ဝင်ရပါတယ်။ ဒီနှစ်ခု ထည့်ဝင်ခဲ့မယ်ဆိုခဲ့ရင်တော့ လူမှုဖူလုံရေးမှာ အကျုံးဝင်ပြီးသားဖြစ်ပါတယ်။ တကယ်လို့ နိုင်ငံ့ဝန်ထမ်းလစာတိုးတဲ့အချိန်မှာ လူမှုဖူလုံရေးဝင်ခဲ့မယ်ဆိုရင်တော့ ဒါဟာ အသင့်တော်ဆုံးအချိန်ပါပဲလို့ ကျွန်မအနေနဲ့ ဖြေကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်ရှင့်။

**ပြည်ပတွင်သွားရောက်အလုပ်လုပ်ကိုင်နေသော အလုပ်သမားများအတွက် နိုင်ငံတော်မှ မည်သည့် အကူအညီများပေး၍ ပြည်ပအလုပ်အကိုင်ရှာဖွေရေးကိုယ်စားလှယ်လုပ်ငန်းများကို မည်ကဲ့သို့ ထိန်းသိမ်းကြပ်မတ်နေကြောင်းသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစိုးဝင်း၊ ကျော်တံတားမဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုးဝင်း(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် အားလုံးမင်္ဂလာပါလို့ ကျွန်တော့်အနေနဲ့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ပမှာသွားရောက်လုပ်ကိုင်နေတဲ့ အလုပ်သမားများနဲ့ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့်ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ပြည်တွင်းမှာအလုပ်အကိုင်အခွင့်အလမ်း နည်းပါးနေခြင်းကြောင့် ပြည်ပနိုင်ငံများတွင် နည်းလမ်းမျိုးစုံနဲ့ သွားရောက်လုပ်ကိုင်နေသော အလုပ်သမားဦးရေဟာ ငါးသန်းကျော်ခန့်ရှိတယ်လို့ သိရှိရပါတယ်။ နိုင်ငံတကာကိုသွားရောက်လုပ်ကိုင်နေကြသော အလုပ်သမားများသည် ပုံစံအမျိုးမျိုးနဲ့ သွားရောက်လုပ်ကိုင်နေကြရာမှာ အချို့မှာ ပြည်တွင်းပွဲစားများ၊ ပြည်တွင်းမှာရှိတဲ့ ပြည်ပအလုပ် အကိုင်ရှာဖွေရေး အေဂျင်စီများမှတစ်ဆင့် သွားရောက်လုပ်ကိုင်ကြခြင်းများရှိကြပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ မြို့နယ်တွေမှာ ရုံးခန်းများလာရောက်ဖွင့်ပြီး လပေးနှစ်ချုပ်များငှားရမ်းလုပ်ကိုင်တဲ့ ပြည်တွင်း အလုပ်လုပ်နိုင်သော လူငယ်၊ လူရွယ်များကို ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နိုင်ရန်အတွက် ဆောင်ရွက်ပေးတဲ့အေဂျင်စီအချို့ရှိပါတယ်။ အချို့ကိုယ်စားလှယ်လုပ်ငန်းများမှာ မှန်ကန်စွာ မှတ်ပုံတင်ဆောင်ရွက်လျက်ရှိသော်လည်း အချို့ကိုယ်စားလှယ်လုပ်ငန်းများသည် မမှန်မကန်ဆောင် ရွက်လျက်ရှိကြပြီး လုပ်ငန်းများတိကျစွာပြောဆိုခြင်းမရှိခြင်း၊ ပြည်ပနိုင်ငံရောက်မှ ပိုမိုပင်ပန်းသော လုပ်ငန်းများဆောင်ရွက်နေကြရခြင်း၊ မူလသဘောတူပြီးသောလုပ်ခ၊ လခများမရရှိခြင်းနှင့် လူမှုဖူလုံ ရေးခံစားခွင့်များလုံးဝမရရှိခြင်း၊ မတော်တဆသေဆုံးသူများရှိနေခြင်းတို့ကို ကြားသိနေရပါတယ်။ အချို့အေဂျင်စီများဟာ ရုံးခန်းကိုဗန်းပြပြီး နယ်မှပြည်ပတွင်အလုပ်လုပ်ကိုင်လိုသူများကို အမျိုးမျိုး မတ်လုံးပေးစည်းရုံးပြီး ငွေကြေးလိမ်လည်မှုများလည်းရှိကြပါတယ်။ ရိုသားသော လူငယ်၊ လူရွယ်များ နှင့် တောင်သူလယ်သမားများမှာ လယ်ယာမြေများပေါင်နှံရောင်းချရသဖြင့် လယ်မဲ့၊ ယာမဲ့ဘဝရောက် ရှိနေကြရသည်ကိုလည်း ကြားသိနေရပါတယ်။ သို့ပါ၍ ပြည်ပတွင်အလုပ်လုပ်ကိုင်နေသော မြန်မာ နိုင်ငံသားများအတွက် နိုင်ငံတော်အစိုးရအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၀ တွင် နိုင်ငံခြား

တိုင်းတစ်ပါးနှင့်ဆက်ဆံသော နိုင်ငံသားတိုင်းသည် ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ နိုင်ငံတော်၏ ကာကွယ်စောင့်ရှောက်မှုကို တောင်းခံခွင့်ရှိသည်ဟုဆိုထားပါသဖြင့် ပြည်ပတွင်သွားရောက်အလုပ် လုပ်ကိုင်နေသော နိုင်ငံသားများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါ မေးခွန်းများ မေးမြန်းရခြင်းဖြစ်ပါတယ်။ (၁) ပြည်ပလုပ်ကိုင်ရှာဖွေရေးကိုယ်စားလှယ်လုပ်ငန်း မည်၍ မည်မျှတရားဝင်မှတ်ပုံတင်ထားပါမည်နည်း။ (၂) ပြည်ပအလုပ်အကိုင်ရှာဖွေရေး ကိုယ်စားလှယ် လုပ်ငန်းများမှ ပြည်ပနိုင်ငံများတွင် အလုပ်သမားပေါင်း ဘယ်နှစ်ဦးသွားရောက်လုပ်ကိုင်နေပါ သနည်း။(၃) ပြည်ပတွင်သွားရောက်အလုပ်လုပ်ကိုင်နေသော အလုပ်သမားများအတွက် နိုင်ငံတော်မှ မည်သည့်အကူအညီများ ပေးနေပါသနည်း။ (၄) ပြည်ပအလုပ်အကိုင် ရှာဖွေရေးကိုယ်စားလှယ် လုပ်ငန်းများကို မည်ကဲ့သို့ ထိန်းသိမ်းကြပ်မတ်နေကြောင်း သိရှိလိုပါသည်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်ဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါရှင်။ ကျွန်မမှ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းမေးခွန်းနှင့်ပတ်သက်ပြီး ပြန်လည်ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနဟာ အလုပ်လုပ်နိုင်သည့် လူငယ်၊ လူရွယ် များအတွက် သင့်တော်ကောင်းမွန်သော အလုပ်အကိုင်များရရှိရေး၊ ကျွမ်းကျင်မှုလေ့ကျင့်ပေးရေး၊ အလုပ်သမားများ၏ ရပိုင်ခွင့်အတွက် အခွင့်အရေးများကိုကာကွယ်ပေးရေး၊ လူမှုဘဝကာကွယ် ပေးရေး၊ စဉ်ဆက်မပြတ်လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်ရှင်။ မြန်မာအလုပ်သမားများ ပြည်ပသွားရောက်အလုပ်လုပ်ကိုင်ခြင်းလုပ်ငန်းကို ၁၉၉၀ ပြည့်နှစ်က စတင် ဆောင်ရွက်ခဲ့ပြီး အဆိုပါလုပ်ငန်းစဉ်များ စနစ်တကျရှိစေဖို့ ဥပဒေနဲ့အညီဖြစ်စေရန်အတွက် ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေကိုပြဋ္ဌာန်းခဲ့ပါတယ်။ လက်ရှိအချိန်တွင် အပြည်ပြည်ဆိုင်ရာ ဒေသအတွင်းပြောင်းလဲဖြစ်ပေါ်နေသည့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးအခြေအနေများနှင့် လိုက်လျောညီထွေမှုရှိစေရန်အတွက် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေကိုလည်း ပြင်ဆင်ရေး ဆွဲလျက်ရှိပါတယ်ရှင်။ ၂၀၁၁ ခုနှစ်၌လည်း နိုင်ငံတော်အစိုးရက ရွှေ့ပြောင်းအလုပ်သမားရေးရာ

ကိစ္စများနှင့်ဆပ်စပ်သည့် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများပါဝင်သည့် ပြည်ပတွင် အလုပ်လုပ်ကိုင်နိုင်မှု ကြီးကြပ်ရေးကော်မတီကိုဖွဲ့စည်းပေးခဲ့ပြီး ယင်းကော်မတီလက်အောက်တွင် စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ၊ အလုပ်သမားများအကျိုးခံစားခွင့်ရရှိရေးကော်မတီနှင့် အလုပ်သမားများအတွက် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီဆိုပြီး ဖွဲ့စည်းပြီးတော့ ပြည်ပသို့ မြန်မာအလုပ်သမားများ စနစ်တကျသွားရောက်လုပ်ကိုင်နိုင်ရေး၊ အလုပ်သမားအခွင့်အရေး အပြည့်အဝရရှိစေရေးနှင့် ရွှေ့ပြောင်းသွားလာမှုများအား စနစ်တကျစီမံခန့်ခွဲရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးလျက်ရှိပါတယ်ရှင်။

မြန်မာအလုပ်သမားများ ပြည်ပနိုင်ငံများသို့ စနစ်တကျသွားရောက်အလုပ်လုပ်ကိုင်နိုင်ရေးအတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနက အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီတစ်ခုအပါအဝင် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင် အေဂျင်စီ ၂၀၂ ခုတို့အားတရားဝင်အကျိုးဆောင်လိုင်စင်များထုတ်ပေးထားပြီးတော့ ထိုင်းနိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့်ဂျပန်နိုင်ငံအပါအဝင် ပြည်ပနိုင်ငံများသို့ မြန်မာအလုပ်သမားများအားတရားဝင် စေလွှတ်လျက်ရှိရာ ၁၉၉၀ ပြည့်နှစ်မှစ၍ ၃၁-၁-၂၀၁၅ နေ့အထိ ပြည်ပနိုင်ငံများသို့တရားဝင် စေလွှတ်ဆောင်ရွက်ပေးခဲ့သော အလုပ်သမားဦးရေမှာ ၂၈၅၃၆၃ ဦးရှိပါတယ်ရှင်။ အလားတူပင် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများအား ပိုမိုထိရောက်စွာ ကြီးကြပ်ကွပ်ကဲနိုင်ရန်နှင့် ပြည်ပရှိမြန်မာအလုပ်သမားများကို ကာကွယ်စောင့်ရှောက်မှုလုပ်ပေးနိုင်ရန်အတွက် ၂၀၁၃ ခုနှစ် မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ်ကိုလည်း ဖွဲ့စည်းပေးခဲ့ပြီး လုပ်ငန်းများထိရောက်လျင်မြန်စွာဆောင်ရွက်နိုင်မှုရှိတဲ့အပြင် အေဂျင်စီအသစ်များကိုလည်းစနစ်တကျ စိစစ်ပြီးတော့ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင် ထုတ်ပေးလျက်ရှိပါတယ်။ ထို့အပြင် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီ လိုက်နာရမည့်စည်းကမ်းချက်များကိုလည်း သီးခြားရေးဆွဲထုတ်ပြန်ထားပြီးတော့ စည်းကမ်းဖောက်ဖျက်ခြင်းများရှိပါက အကျိုးဆောင်လိုင်စင်ပိတ်သိမ်းခြင်းနှင့်လုပ်ငန်းလုပ်ကိုင်မှု ယာယီရပ်ဆိုင်းခြင်းစသည့် အရေးယူမှုများကိုဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံဟာ ကိုးရီးယားနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့်အလုပ်သမားစေလွှတ်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုး၍ မြန်မာအလုပ်သမားများစေလွှတ်ခဲ့ပြီးတော့ အလုပ်သမားများရဲ့အခွင့်အရေးများကို အကာအကွယ်ပေးနိုင်ရေးကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့အပြင် အလုပ်

သမားရေးရာကိစ္စရပ်များကိုဖြေရှင်းပေးနိုင်ရန်နှင့် လိုအပ်သည့်ကာကွယ်စောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက် အလုပ်သမားသံအရာရှိ (Labour Attache) ကို ကိုရီးယားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှာ ခန့်ထားဆောင်ရွက်လျက်ရှိပြီး အလုပ်သမားသံအရာရှိမရှိတဲ့ နိုင်ငံတွေမှာတော့ မြန်မာသံရုံးများမှတစ်ဆင့် အလုပ်သမားရေးရာကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့အပြင် ထိုင်းနိုင်ငံတွင်လက်ရှိအလုပ်လုပ်ကိုင်နေသည့် အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်း အလုပ်သမားများအား တရားဝင်လုပ်ကိုင်နိုင်စေရန် နှစ်နိုင်ငံအလုပ်သမားရေးရာ ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ပြီး ထိုင်းနိုင်ငံအတွင်းမှာ One Stop Service Center ဖွင့်လှစ်ခြင်း ဆောင်ရွက်ခဲ့တဲ့နေရာမှာ ၂၀၀၉ ခုနှစ်မှ ၁၁-၈-၂၀၁၃ ရက်နေ့အထိ အလုပ်သမားပေါင်း ၁.၇ သန်းခန့်ကို အထောက်အထားထုတ်ပေးနိုင်ခဲ့ပါတယ် ။

နိုင်ငံခြားရေးဝန်ကြီးဌာနမှလည်း ပြည်ပနိုင်ငံများတွင်ရောက်ရှိနေသော အလုပ်သမားများ အခက်အခဲအမျိုးမျိုးနဲ့တွေ့ကြုံလာပါက မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးတို့မှ သံတမန်ကိုယ်စားလှယ်များစေလွှတ်ပြီး ဖြေရှင်းဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဖြေရှင်းဆောင်ရွက်ပေးရာတွင် ပြဿနာများဖြစ်ပွားရာနေရာသို့ အရောက်သွား၍ သက်ဆိုင်ရာတာဝန်ရှိအာဏာပိုင်၊ စက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီပိုင်ရှင်များနှင့်တွေ့ဆုံပြီး လုပ်ခလစာ၊ လျော်ကြေးများရရှိစေရေးအတွက် ဖြေရှင်းဆောင်ရွက်ပေးသကဲ့သို့ ပြည်ပရောက်မြန်မာအလုပ်သမားများအတွက် ထိခိုက်မှုအာမခံနှင့် အသက်အာမခံထားရှိနိုင်ရေးကိုလည်း ဆောင်ရွက်ပေးနေပါတယ်။ လိုအပ်ပါက သက်ဆိုင်ရာ နိုင်ငံရှိနိုင်ငံခြားရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနများသို့ ချက်ချင်းအသိပေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် သေဆုံးဒဏ်ရာရသည့်အလုပ်သမားများအား ထိုက်တန်သည့် လျော်ကြေးရရှိရေးအတွက် သက်ဆိုင်ရာနိုင်ငံရှိ အလုပ်သမားဝန်ကြီးဌာန၊ ကုမ္ပဏီများနှင့်ဆက်စပ်၍ လျော်ကြေးငွေရရှိရန်လည်း ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့အပြင် မြန်မာရွှေ့ပြောင်း အလုပ်သမားများ အခွင့်အရေးကာကွယ်စောင့်ရှောက်ရန်၊ သတင်းအချက်အလက်ပေးနိုင်ရန်နှင့် လိုအပ်သည့်အကူအညီပေးရန်တို့အတွက် ရွှေ့ပြောင်းသွားလာမှုအလားအလာရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် Migrant Resource Center များ ဖွင့်လှစ်၍သော်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် Migrant Workers Reporting Counter ဖွင့်လှစ်၍သော်လည်းကောင်း၊ ရွှေ့ပြောင်းသွားလာမှုနှင့်စပ်လျဉ်း၍ တိုင်ကြားနိုင်သည့် Complaint Mechanism Center များကို နေပြည်တော်နှင့်ရန်ကုန်တို့တွင် ဖွင့်လှစ်၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ပနိုင်ငံများ

သို့ သွားရောက်အလုပ်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများကို ပြည်ပသို့မထွက်ခွာခင် Pre-depature training များဖွင့်လှစ်ပြီး သက်ဆိုင်ရာနိုင်ငံ၏ ယဉ်ကျေးမှု၊ ဓလေ့၊ ဥပဒေတွေကို သင်ကြားပို့ချလျက်ရှိပါတယ်ရှင့်။

အလားတူပင် အလုပ်အကိုင်များရှိတဲ့ လုပ်ငန်းများနှင့် အလုပ်ရှာဖွေနေတဲ့ လူငယ်တွေကို တစ်နေရာတည်း၌ တိုက်ရိုက်တွေ့ဆုံပေးပြီး လစ်လပ်လျက်ရှိတဲ့ လုပ်ငန်းနေရာများအနက် မိမိတို့နဲ့ သင့်တော်သော အလုပ်အကိုင်များရရှိစေနိုင်ရန် အချိန်ကုန်၊ ငွေကုန်သက်သာစွာဖြင့် ကုမ္ပဏီများနှင့် တွေ့ဆုံအင်တာဗျူးပြုလုပ်ပေးပြီး အလုပ်အကိုင်များရရှိစေရန်အတွက် ပြည်တွင်းပြည်ပ အလုပ်အကိုင် အခွင့်အလမ်းပြပွဲတွေကို ရန်ကုန်မြို့နှင့် အခြားမြို့ကြီးများမှာ ကျင်းပဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများအား ပြည်ပသို့ အလုပ်သမားအသစ်များစေလွှတ်ရေးလုပ်ငန်းစဉ် ဆောင်ရွက်ရာတွင် နယ်ပွဲစားများ ပပျောက်စေရေးအတွက် အလုပ်သမားအသစ်များ စုဆောင်းရာ၌ တစ်ဆင့်ခံပွဲစားများဖြင့် စုဆောင်း၍မပြုစေဘဲ အေဂျင်စီများမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များ၌ ရုံးခွဲများဖွင့်လှစ်ပြီးတော့ ကိုယ်စားလှယ်များတာဝန်ပေးအပ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး (Labour Exchange Office) များနှင့် ဆက်သွယ်ပြီး အလုပ်သမားများကို စုဆောင်းစေလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် လာမည့်ရွေးကောက်ပွဲများအတွက် မဲဆွယ်စည်းရုံးရာ၌ စာနယ်ဇင်းများတွင် ရေးသားဖော်ပြလျက်ရှိသော အသုံးအနှုန်းများဖြင့် လွှတ်တော်၊ အစိုးရ၊ ဌာနဆိုင်ရာ တပ်မတော်နှင့် လူပုဂ္ဂိုလ်များကို ဝေဖန်ဟောပြောခွင့်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးဖေသန်း၊ မြေပုံမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီနိုင်ငံတော်အသစ်ကို တည်ဆောက်နေတာနှင့်အညီ ဒီနေ့ စာနယ်ဇင်းသတင်းမီဒီယာတွေရဲ့ လွတ်လပ်ခွင့်ဟာလည်း အရင်တုန်းကနဲ့စာရင် အများကြီးပဲတိုးတက်လာခဲ့တာကို ကျွန်တော်တို့ ကြိုဆိုရမှာဖြစ်ပါတယ်။ ဒါပေမယ့် တချို့သတင်းမီဒီယာတွေရေးသားတဲ့အခါမှာ ကျွန်တော်တို့ လွှတ်တော်၊ အစိုးရဌာနဆိုင်ရာ၊ တပ်မတော်၊ ကော်မရှင်အဖွဲ့၊ ပါတီ စသည်ဖြင့် ဒီအားနည်းချက်၊ လိုအပ်ချက်တွေ၊

မှားယွင်းချက်တွေကို ပွင့်ပွင့်လင်းလင်းမြင်သာစွာ ထောက်ပြပြီးတော့ ဝေဖန်ရေးသားလာကြတာကို လည်းတွေ့ရပါတယ်။ ဒါတွေကို အစိုးရကလည်း ခွင့်ပြုထားပါတယ်။ ဒီနေရာမှာ ၂၀၁၅ ရွေးကောက်ပွဲမှာ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေအနေနဲ့ မဲဆွယ်စည်းရုံးတဲ့ကာလမျိုးမှာ ကျွန်တော်တို့ ရေးသားတာတွေ၊ ဝေဖန်တာတွေ၊ ဟောပြောမှုတွေဟာ ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားတဲ့ ၁/၂၀၁၄ ပါ တားမြစ်ချက် (၁၀)ချက်နဲ့ အလွန်ပဲ ကျွန်တော်တို့ ထိခိုက်နိုင်ပါတယ်။ ဆိုလိုတာကတော့ ဒီစာနယ်ဇင်းတွေရဲ့ လွတ်လပ်ခွင့်လောက်တောင်မှ ကျွန်တော်တို့ရရှိဖို့တောင်၊ အလားအလာတောင် မမြင်ပါဘူး။ ဥပမာအားဖြင့် ကျွန်တော်တို့က တိုင်းရင်းသားတွေရဲ့ တန်းတူညီမျှမရှိကြောင်း ဖော်ပြတဲ့အခါမှာ ဒါဟာ ဒို့တာဝန်အရေးသုံးပါး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖြိုခွဲတယ်လို့ ကျွန်တော်တို့ကို တရားစွဲဆိုနိုင်ပါတယ်။ ထို့အတူပဲ တောင်သူလယ်သမားတွေဆီကလယ်ကို တပ်မတော်က သိမ်းပါတယ်လို့ ပြောပြန်ရင်လည်းပဲ တပ်မတော်ရဲ့ဂုဏ်သိက္ခာကို ထိခိုက်တယ်ဆိုပြီးတော့ အရေးယူနိုင်ပါတယ်။ ထို့အတူ အလုပ်သမားတွေရဲ့ဘဝမညီမျှမှု ဒုက္ခဆင်းရဲ၊ အနာဂတ်မသေချာမှုတွေကို ကျွန်တော်တို့ ထောက်ပြပြောဆိုတဲ့အခါမှာလည်း အေးချမ်းစွာ အလုပ်လုပ်နိုင်ခွင့်ကို လုပ်နေတဲ့ အလုပ်သမားတွေကို နှောက်ယှက်တယ်၊ စည်းရုံးတယ်၊ လှုံ့ဆော်တယ်ဆိုပြီးတော့ တရားစွဲဆိုနိုင်ပါတယ်။ ထို့အတူ ပညာရေးဥပဒေကို မကြိုက်ဘူးဆိုပြန်ရင်လည်း ငြိမ်းချမ်းစွာပညာသင်ကြားခွင့်ကို အနှောက်အယှက်ပြုတယ်ဆိုပြီးတော့ စသည်ဖြင့် လိုရင်လိုသလို၊ မလိုရင်မလိုသလို ဒါ ကျွန်တော်တို့ကို အရေးယူနိုင်တဲ့အတိုင်းအတာမျိုး ဖြစ်ပါတယ်။ အဲ့ဒီတော့ ၂၀၁၅ ရွေးကောက်ပွဲလည်း နီးလာပါပြီ။ အဲ့ဒီမှာ ကျွန်တော်တို့ တိုင်တာတောတာ၊ တရားစွဲတာတွေစသည်ဖြင့် ဒီလိုပြစ်မှုတွေအများကြီး၊ ကိစ္စတွေဖြစ်လာမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဲ့ဒါကြောင့် ကျွန်တော့်အနေနဲ့ ဒီနေ့ အဲ့ဒီလိုအခြေအနေမျိုးကို မူတည်ပြီးတော့ လာမယ့်မဲဆွယ်စည်းရုံးပွဲတွေမှာ ဒီလိုရေးသားဖော်ပြချက်လောက်ကို ခွင့်ပြုနိုင်မှုမရှိအောင် ဒီကန့်သတ်ထားတဲ့တားမြစ်ချက်တွေ ရှိနေတာမို့လို့ ဒါတွေကို ဖြေရှင်းနိုင်ဖို့ အောက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

လာမည့်ရွေးကောက်ပွဲများတွင် မဲဆွယ်ဟောပြောစည်းရုံးရာ၌ စာနယ်ဇင်းများတွင် ရေးသားဖော်ပြလျက်ရှိသော အကြောင်းအရာ အသုံးအနှုန်းများဖြင့် လွှတ်တော်၊ အစိုးရ၊ ဌာနဆိုင်ရာ၊ တပ်မတော်နှင့်လူပုဂ္ဂိုလ်များကို ဝေဖန်ဟောပြောခွင့်ရှိ/မရှိ သိရှိလိုပါကြောင်း လေးစားစွာမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ရွေးကောက်ပွဲကော်မရှင်က ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးဝင်းကို (အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)။** ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မြေပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းရဲ့မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ဖြေကြားရမယ်ဆိုလို့ရှိရင် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးဟောပြောတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်လောင်း ယင်းရဲ့ရွေးကောက်ပွဲကိုယ်စားလှယ်၊ သက်ဆိုင်ရာပါတီကိုယ်စားလှယ်နှင့်ယင်းလွှတ်တော်ကိုယ်စားလှယ်လောင်းတို့ကနေပြီးတော့ အခွင့်အာဏာလွှဲအပ်ခြင်းခံရတဲ့ပုဂ္ဂိုလ်တို့က မဲဆွယ်စည်းရုံးရန်အတွက် စုဝေးဟောပြောခြင်း၊ ရေးသားပုံနှိပ်ဖြန့်ဝေခြင်းတို့ ပြုလုပ်ခွင့်ရှိပါတယ်။ အဲ့ဒီလို မဲဆွယ်စည်းရုံးခွင့်ကာလအတွင်းမှာ ဆောင်ရွက်တဲ့အခါမှာ ကော်မရှင်ရဲ့ညွှန်ကြားချက်အမှတ် (၁/၂၀၁၄)နဲ့လည်း ထုတ်ပြန်ညွှန်ကြားထားပါတယ်။ အဲ့ဒီလို စုဝေးဟောပြော၊ ရေးသားပုံနှိပ်ဖြန့်ချိရာမှာ တည်ဆဲဥပဒေများကို လိုက်နာရမှာဖြစ်သလို သက်ဆိုင်ရာရွေးကောက်ပွဲဥပဒေများမှာပါရှိတဲ့ အခန်း(၁၃) ရွေးကောက်ပွဲဆိုင်ရာပြစ်မှုနှင့်ပြစ်ဒဏ်များ၊ အခန်း(၁၄) တရားမဲ့ပြုကျင့်မှုများကိုလည်း သိရှိနားလည်ပြီးတော့ ချိုးဖောက်မှုမဖြစ်စေရေး သတိပြုဆောင်ရွက်ရမှာဖြစ်ပါတယ်။ မိမိရဲ့ဟောပြောချက်များဟာ တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်တယ်ဆိုရင် ယင်းတည်ဆဲဥပဒေအရ အရေးယူခြင်းခံရနိုင်ဖွယ်ရှိပါတယ်။

ရွေးကောက်ပွဲဥပဒေ အခန်း(၁၃)မှာပါရှိတဲ့ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ဖောက်ဖျက်ရင် ရွေးကောက်ပွဲဥပဒေအရ အရေးယူခံရနိုင်ပါတယ်။ ထို့နည်းတူ အခန်း(၁၄)မှာပါရှိတဲ့ တရားမဲ့ပြုကျင့်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ရွေးကောက်ပွဲမှာ မိမိအနေနဲ့ အနိုင်ရရှိသော်လည်းပဲ ယှဉ်ပြိုင်တဲ့လွှတ်တော်ကိုယ်စားလှယ်လောင်းကနေပြီးတော့ မိမိအပေါ်မှာ ကန့်ကွက်လွှာတင်သွင်းပြီးတော့ အရေးယူဆောင်ရွက်ခြင်း ခံရနိုင်ပါတယ်။ ဒီနေရာမှာ ဖြည့်စွက်ပြီးတင်ပြချင်တာကတော့ ကျွန်တော်တို့ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးတဲ့ကာလ မရောက်သေးပါဘူး။ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးတဲ့ကာလမှာတော့ သက်ဆိုင်ရာတည်ဆဲဥပဒေများ၊ ကော်မရှင်ရဲ့ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ထားတာရှိသလို နိုင်ငံရေးပါတီအသီးသီးကလည်းပဲ လိုက်နာဆောင်ရွက်ဖို့ကျင့်ဝတ်များ စုစည်းပြီးတော့ ပြုစုဆောင်ရွက်နေတာရှိပါတယ်။ ဒါတွေအားလုံး သဘောတူညီချက်

ရရင်တော့ သက်ဆိုင်ရာကျင့်ဝတ်များနှင့်အညီလည်း ဆောင်ရွက်သွားနိုင်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဦးဖေသန်းကို မိုက်ပေးပါ။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးမြန်းလိုပါတယ်။ ရွေးကောက်ပွဲကော်မရှင်ကဖြေကြားသွားတာကတော့ ဥပဒေနှင့်အညီ လိုက်နာဖို့ပဲဖြစ်ပါတယ်။ ဥပဒေနှင့်အညီမလိုက်နာဘူးဆိုရင် အရေးယူခံရနိုင်တယ်ဆိုတဲ့ အဝိကတ်ကို ပြသွားတာလည်းတွေ့ရပါတယ်။ အဲ့ဒီတော့ ကျွန်တော်ပြောလိုတာက ကျွန်တော်တို့ဟာ နိုင်ငံရေးသမားတွေဖြစ်ပါတယ်။ ပါတီကိုအခြေခံပြီးတော့ လွှတ်တော်ထဲကိုရောက်လာကြတယ်။ လွှတ်တော်ဆိုတဲ့စင်မြင့်မှာလည်း ကျွန်တော်တို့ဟာ ဒါတွေကိုအကြိတ်အနယ် အမှားအမှန်တွေကို ဝေဖန်ပြောဆိုခွင့်ရှိပါတယ်။ ဟိုမှာ မြေပြင်ကိုရောက်သွားပြန်ရင်လည်း လူထုနှင့်ထိတွေ့တဲ့အခါမှာ အားလုံးကောင်းပါသည်ခင်ဗျား ဆိုတဲ့ဟာမျိုးကို ကျွန်တော်တို့ကပြောနိုင်မှာမဟုတ်ပါဘူး။ ဒီနေ့ နိုင်ငံရေးအခြေအနေ၊ လက်ရှိ ကျွန်တော်တို့ရဲ့ပါတီရဲ့ လုပ်ပိုင်ခွင့်၊ လုပ်ဆောင်မယ့်ရည်မှန်းချက်၊ ကျွန်တော်တို့ရဲ့ ကြိုးစားဖော်ဆောင်မှုလိုအပ်ချက်တွေ၊ နိုင်ငံနှင့်တစ်ဝှမ်းဖြစ်ပေါ်နေတဲ့ပြဿနာတွေကို ကျွန်တော်တို့ဆွေးနွေးရမှာ အမှန်ပဲဖြစ်ပါတယ်။ ဒါတွေကိုမလုပ်ဘဲ ဒီကန့်သတ်ချက်တွေအောက်မှာ ကျွန်တော်တို့နည်းနည်းမှ၊ တုတ်တုတ်မျှမလှုပ်ရအောင်ပြောနေရင်တော့ ကျွန်တော်တို့ကို ပြည်သူက ဘာမှအသုံးမကျတဲ့လူတွေလို့ပဲ ပြောသွားမှာဖြစ်ပါတယ်။ ကျွန်တော်ပြောတဲ့အထဲမှာ ဒါတွေကို ဘယ်လိုရှောင်ကွင်းနိုင်မလဲ။ မီဒီယာလွတ်လပ်ခွင့်လောက်တောင်မှ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်၊ ပါတီတွေက မလွတ်လပ်တော့ဘူးလားဆိုတဲ့ဟာကို ဘယ်လိုဖြေရှင်းရမလဲဆိုတာ ပြောလိုခြင်းဖြစ်ပါတယ်။ ဒီနေ့ မီဒီယာတွေမှာ ပြောထားတာတွေအများကြီးပါ။ အကုန်လုံးသိပါတယ်။ တော်တော့်ကို ပြင်းပြင်းထန်ထန်ရေးထားတာတွေရှိတယ်။ ဒါပေမယ့် အစိုးရက ဒါတွေခွင့်ပြုထားတယ်။ ဒါကို ကျွန်တော်တို့လည်း ကြိုဆိုပါတယ်။ ဒါပေမယ့် ဒီလို ကျွန်တော်တို့အကျဉ်းအကျပ်ကို ဒီလိုဥပဒေတစ်ခုနဲ့ ချည်နှောင်ထားခြင်းအားဖြင့် ကျွန်တော်တို့ဟာ ဘာမှလုပ်လို့ရမယ့်အခြေအနေမျိုး မမြင်ပါဘူး။ ရှင်းရှင်းပြောရရင် တရားစွဲခံရဖို့ အများကြီးရှိပါတယ်။ ဒီတော့ ကျွန်တော်တို့ ဘယ်လိုပြောရမလဲ။ အဲ့ဒါဆိုရင် ကျွန်တော်တို့က (၁) ကျွန်တော်မေးလိုတာက ကျွန်တော်တို့က အဲ့ဒီဂျာနယ်တွေမှာရေးထားတဲ့ဟာတွေကို ဘယ်ဂျာနယ်မှာ ဘယ်နေ့က၊ ဘယ်လိုပြောပါတယ်ဆိုတာမျိုးကို အဲ့ဒီလိုဖော်ပြပြီးတော့ စည်းရုံးရင်ကော ဘယ်သူ့ဆီမှာ

အပြစ်ရှိမလဲ။ ကျွန်တော်တို့မှာအပြစ်ရှိမလား။ ခွင့်ပြုနိုင်မလား။ အဲ့ဒါကို နောက်ဆက်တွဲမေးခွန်း အနေနဲ့ ဖြေပေးစေချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးဝင်းကို (အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)။** ။ ဦးဖေသန်းရဲ့ထပ်ဆင့် မေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြရမယ်ဆိုလို့ရှိရင် နိုင်ငံတော်မှာ တရားဝင်ထုတ်ပြန်ထားတဲ့ တည်ဆဲဥပဒေများဟာ နိုင်ငံသားအားလုံး လေးစားလိုက်နာရပါမယ်။ အထူးသဖြင့် မဲဆွယ်စည်းရုံးတဲ့ကာလမျိုးမှာဆိုလို့ရှိရင် နိုင်ငံရေးပါတီများဟာလည်း နိုင်ငံရေးပါတီ များမှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ကြရသလို လွှတ်တော်ကိုယ်စားလှယ်လောင်း များဟာလည်း သက်ဆိုင်ရာရွေးကောက်ပွဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ကြရပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့လည်း မကြာခင်ကပဲ ကျွန်တော်တို့ ကြေညာချက်တစ်စောင် ထုတ်ပြန်ထားတာရှိပါတယ်။ ဒီကြေညာချက်မှာ ဇန်နဝါရီလ ၁၆ ရက်နေ့မှာ ထုတ်ပြန်ထားတဲ့ကြေညာချက်မှာဆိုလို့ရှိရင် ကျွန်တော်တို့ နိုင်ငံရေးပါတီအသီးသီးဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၀၆ အရ နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ လွတ်လပ်စွာစည်းရုံးခွင့်ရှိပြီးတော့ ပုဒ်မ ၃၅၄ အရလည်းပဲ နိုင်ငံသားတိုင်းဟာ ဥပဒေနှင့်မဆန့်ကျင်ဘဲ လွတ်လပ်စွာ ထုတ်ဖော်ပြောဆို ရေးသားခွင့်၊ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့် ရှိကြပါတယ်။ ဒီကြေညာချက်မှာပဲ ကျွန်တော် တို့ဖော်ပြထားတာဟာ ဥပဒေနှင့်အညီနဲ့၊ ဥပဒေနဲ့မဆန့်ကျင်စွာဆိုတဲ့စကားရပ် ပါရှိပါတယ်။ နိုင်ငံရေး ပါတီအသီးသီးဟာ ဖွဲ့စည်းရခြင်းရဲ့ရည်ရွယ်ချက်ကိုက ရွေးကောက်ပွဲအနိုင်ရရေးရည်ရွယ်ချက်ဟာ လည်းပဲ အဓိကကျပါတယ်။ ဒါကြောင့်မို့လို့ ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် နိုင်ငံရေးပါတီများက စည်းရုံးခွင့်ရှိတာအမှန်ပါပဲ။ ဒါပေမယ့်နိုင်ငံရေးပါတီများ စည်းရုံးလှုပ်ရှားတဲ့အခါမှာ ဥပဒေနှင့်အညီ မှန်ကန်မျှတမှုရှိစေရေးအတွက် အောက်ပါဥပဒေပြဋ္ဌာန်းချက်များကိုလည်း သတိပြုလေးစားလိုက်နာ ကြဖို့ ဖော်ပြထားပါတယ်။

(က)ကတော့ နိုင်ငံရေးပါတီတစ်ရပ်အနေနဲ့ ပါတီစည်းရုံးမယ်ဆိုလို့ရှိရင် စည်းရုံးလှုပ်ရှားတဲ့ နေရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၇၊ နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၆၊ ပုဒ်မ ၁၂ တို့မှာပါရှိတဲ့ ပြဋ္ဌာန်းချက်တွေ၊ ဝန်ခံချက်တွေကို လေးစားလိုက်နာကြဖို့နဲ့ လေးစားလိုက်နာမှုမရှိဘူး ဆိုရင် ပါတီအချင်းချင်းက ထိန်းကျောင်းကြဖို့၊ ကော်မရှင်ကိုလည်း တင်ပြတိုင်တန်းခြင်းတို့ ပြုလုပ်ကြ ဖို့ ပါရှိပါတယ်။ (ခ)အနေနဲ့ နိုင်ငံရေးပါတီတစ်ရပ်အနေနဲ့ ရွေးကောက်ပွဲကိစ္စအလို့ငှာ မဲဆွယ်စည်းရုံး တဲ့အခါမှာ ရွေးကောက်ပွဲဥပဒေ အခန်း(၁၃)ပြစ်မှုနှင့်ပြစ်ဒဏ်များ ခုနကတင်ပြခဲ့တဲ့အတိုင်းပါပဲ။

အခန်း (၁၄)တရားမဲ့ပြုကျင့်မှုများကို ကျူးလွန်မှုမရှိစေရေး စောင့်ထိန်းကြဖို့နဲ့ ပြစ်မှုပြစ်ဒဏ်ကိစ္စတွေကတော့ သက်ဆိုင်ရာဥပဒေရဲ့ ပုဒ်မ ၆၅ မှာပါတဲ့အတိုင်း ရဲစခန်းအသီးသီးမှာ အမှုဖွင့်တိုင်ကြားဖို့ ဖြစ်ပါတယ်။ (ဂ)အနေနဲ့ကတော့ လွှတ်တော်ကိုယ်စားလှယ်လောင်းများ တင်သွင်းလို့ စိစစ်အတည်ပြုပြီးတဲ့နောက် လွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်လာတဲ့အခါမှာ မဲဆွယ်စည်းရုံးမှု ပြုမယ်ဆိုရင်တော့ ဥပဒေဖောက်ဖျက်မှုများ အထက်ပါအတိုင်း ရွေးကောက်ပွဲဥပဒေဖောက်ဖျက်ကျူးလွန်မှုများအပြင် ရဲစခန်းမှာလည်း တိုင်ကြားနိုင်သလို၊ လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း(၁၅)ပါအတိုင်း တရားမဲ့ပြုကျင့်မှုများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်လွှာတင်သွင်းနိုင်ခွင့်ရှိတယ်လို့လည်း ကျွန်တော်တို့ ဖော်ပြကြေညာပြီးဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ သက်ဆိုင်ရာစာနယ်ဇင်းအသီးသီးမှာ ဖော်ပြဆောင်ရွက်နေတာ၊ အရေးယူခြင်း ဆောင်ရွက်ခြင်း မရှိခြင်း/ရှိခြင်းဟာ ရွေးကောက်ပွဲကော်မရှင်နဲ့ သက်ဆိုင်မှုမရှိပါဘူး။ ရွေးကောက်ပွဲကော်မရှင်အနေနဲ့တော့ Election အတွက် မဲဆွယ်စည်းရုံးမှုကာလအတွင်းမှာဆိုရင် သက်ဆိုင်ရာနိုင်ငံတော်ကပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ကြဖို့သာ ထိန်းသိမ်းကြပ်မတ်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးဆုံးပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း လေးစားစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တမူးမဲဆန္ဒနယ်မှ ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပေးပို့လာသော လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့လေ့လာတွေ့ရှိချက် အစီရင်ခံစာအား ဖတ်ကြားတင်ပြမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာသော လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှုဥပဒေကြမ်းကို ၁၉-၁-၂၀၁၅ ရက်နေ့တွင် အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးခဲ့ပြီး ၁၉-၂-၂၀၁၅ ရက်နေ့တွင် အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန်ပေးပို့လာပါသည်။

၂။ လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းကို ရေးဆွဲရန် နိုင်ငံတော်သမ္မတရုံး၏ ၇-၃-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၉/၂၀၁၄)ဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ဥပဒေကြမ်းရေးဆွဲရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး အဆိုပါဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့တင်သွင်းနိုင်ရန်အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ပြုစုတင်ပြလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ညှိနှိုင်းရေးဆွဲခဲ့တဲ့ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်းကို နိုင်ငံတော်အတွင်း ဆင်းရဲနွမ်းပါးမှု လျှော့ချပြီး လူနေမှုဘဝမြင့်မားလာစေရေး၊ အရည်အသွေးပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှု လုံလောက်စွာရရှိစေရေး၊ မိခင်နှင့်ကလေးများ၏ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဦးတည်၍ လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရေးဆွဲထားတာကို လေ့လာတွေ့ရှိရပါသည်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၁-၂-၂၀၁၅ ရက်နေ့တွင် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ

နှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ (၁၂) ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဤဥပဒေကြမ်းတွင် အခန်း ၆ ခန်းနှင့် အပိုဒ်ပေါင်း(၁၉)ပိုဒ် ပါရှိပါသည်။

(ခ) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် (၁၁) ချက်ကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူလက်ခံပါသည်။

(ဂ) အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ခ)အား ကျန်းမာရေးစောင့်ရှောက်မှုဆိုသည်မှာ လူဦးရေ တိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုကိုဆိုသည်။ ယင်းစကားရပ်တွင် အန္တရာယ်ကင်းသော မိခင်နှင့်ကလေးဘဝရရှိစေရန် သားဆက်ခြားခြင်း၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း၊ ကလေးမွေးဖွားမှုဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်ခြင်း၊ သားပျက်သားလျှောမှုနှင့် ယင်းကြောင့်ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများကို ကာကွယ်ခြင်းနှင့် ယင်းတို့အတွက် အသိပညာပေးခြင်းများပါဝင်သည် ဟုပြင်ဆင်ပါသည်။

(ဃ) အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)ရှိ ပြည်ထောင်စုအစိုးရ စကားရပ်အား ပြည်ထောင်စုအစိုးရအဖွဲ့ ဟုပြင်ဆင်ပါသည်။

(င) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အခန်း(၂)၊ အပိုဒ် ၃ အပိုဒ်ခွဲ(က)ရှိ မြင့်မားစေရေးဆိုသည့်စကားရပ်ကို မြင့်မားစေရန်ဟုလည်းကောင်း၊ အပိုဒ်ခွဲ(ခ)ရှိ ရရှိစေရေးဆိုတဲ့စကားရပ်ကို ရရှိစေရန်ဟုလည်းကောင်း၊ အပိုဒ်ခွဲ(ဂ)ရှိ ဆောင်ရွက်နိုင်ရေးဆိုတဲ့စကားရပ်ကို ဆောင်ရွက်နိုင်ရန်ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

(စ) အခန်း(၂) အပိုဒ် ၄ ရှိ ပြည်ထောင်စုနယ်မြေကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့သည်ဆိုသည့်စကားရပ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့နှင့် ပြည်ထောင်စုနယ်မြေ အုပ်ချုပ်မှုအဖွဲ့တို့သည်ဟုလည်းကောင်း၊ ပြောင်းရွှေ့နှုန်းဆိုသည့် စကားရပ်ကို ပြောင်းရွှေ့နေထိုင်မှုနှုန်းဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

(ဆ) အပိုဒ် ၅ ရှိ ပြည်ထောင်စုနယ်မြေကောင်စီဆိုသည့်စကားရပ်ကို ပြည်ထောင်စုနယ်မြေအုပ်ချုပ်မှုအဖွဲ့ဟုပြင်ဆင်သဖြင့် ဤဥပဒေရှိ ပြည်ထောင်စုနယ်မြေကောင်စီဆိုသည့်စကားရပ်များကို ပြည်ထောင်စုနယ်မြေအုပ်ချုပ်မှုအဖွဲ့ဟု အသီးသီးပြင်ဆင်ပါသည်။

(ဇ) အပိုဒ် ၆ ရှိ သက်ဆိုင်ရာဒေသဆိုသည့်စကားရပ်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဟု ပြင်ဆင်ပါသည်။

(ဈ) အပိုဒ် ၇ ရှိ ကျန်းမာရေးစောင့်ရှောက်မှုဆိုသည့် စကားရပ်ရှေ့တွင် ပုဒ်မ ၆ အရဟု ဖြည့်စွက်ပြင်ဆင်ပါသည်။

(ည) အပိုဒ် ၈ အပိုဒ်ခွဲ(က)အား မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(ဋ) အခန်း(၃) အပိုဒ် ၉ အပိုဒ်ခွဲ(ဂ) အား မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(ဌ) အပိုဒ် ၉ အပိုဒ်ခွဲ(ဆ)ရှိ သုတေသနပြုခြင်းတို့ကိုဆိုသည့်စကားရပ်အား သုတေသနပြုခြင်းနှင့် လိုအပ်ပါကဟု ပြင်ဆင်ပါသည်။

(ဍ) အခန်း(၄) အပိုဒ် ၁၀ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၆)ရှိ လူမှုဝန်ထမ်းရုံးဆိုသည့် စကားရပ်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှူးရုံးဟု ပြင်ဆင်ပါသည်။

(ဎ) အပိုဒ် ၁၀ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁၂)အား ကိုယ်စားလှယ်တစ်ဦး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသင်းခွဲ၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းအဖွဲ့ဝင်ဟု ပြင်ဆင်ပါသည်။

(ဏ) အပိုဒ် ၁၁ အား မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(တ) အပိုဒ် ၁၁ အပိုဒ်ခွဲ(က)ရှိ သက်ဆိုင်ရာပြည်ထောင်စုနယ်မြေကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဆိုသည့်စကားရပ်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်ထောင်စုနယ်မြေအုပ်ချုပ်မှုအဖွဲ့ဟု ပြင်ဆင်ပါသည်။

(ထ) မူလအပိုဒ် ၁၁ အပိုဒ်ခွဲ(ည)ရှိ ပြည်နယ်အစိုးရအဖွဲ့တို့က ဆိုသည့်စကားရပ်ကို ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်ထောင်စုနယ်မြေ အုပ်ချုပ်မှုအဖွဲ့တို့ကဟု ပြင်ဆင်ပါသည်။

( ဒ) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက်ဖြစ်သော အပိုဒ် ၁၁ အပိုဒ်ခွဲ(ဈ) အား ပယ်ဖျက်ပါသည်။

( ဓ) အခန်း(၅)၊ အပိုဒ် ၁၃ အပိုဒ်ခွဲ(ဆ)ရှိ ဥက္ကဋ္ဌ ဆိုသည့်စကားရပ်ကို အတွင်းရေးမှူးဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်ပါသည်။

( န) အပိုဒ် ၁၄ အပိုဒ်ခွဲ(က)ရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့ဆိုသည့် စကားရပ် အား သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့ဟု ပြင်ဆင်ပါသည်။

( ပ) အမျိုးသားလွှတ်တော်မှ ပယ်ဖျက်ထားသော အပိုဒ် ၁၃ အပိုဒ်ခွဲ(ဋ)အား မူလအတိုင်း ထားရှိပါသည်။

( ဖ) အခန်း(၆)၊ အပိုဒ် ၁၉ ရှိ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ဆိုသည့်စကားရပ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေဟု ပြင်ဆင်ပါသည်။

( ဗ) အပိုဒ် ၁၉ အပိုဒ်ခွဲ(ခ)ရှိ ပြည်ထောင်စုနယ်မြေကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဆိုသည့်စကားရပ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့၊ ပြည်ထောင်စုနယ်မြေအုပ်ချုပ်မှုအဖွဲ့ဟု ပြင်ဆင်ပါသည်။

၅။ သို့ဖြစ်ပါ၍ လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်း ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၃-၃-၂၀၁၅ (အင်္ဂါနေ့)နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါသည်။

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ပေးပို့သော တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေများနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၀ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေများ နှင့်စပ်လျဉ်း၍ ၁၈-၂-၂၀၁၅ ရက်နေ့တွင် လွှတ်တော်သို့ လက်ခံရရှိခဲ့ကြောင်း အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ၎င်းနည်းဥပဒေများနှင့်စပ်လျဉ်းပြီး ပြင်ဆင်လိုတဲ့အပိုဒ်၊ အပိုဒ်ခွဲများအလိုက် ၂၀-၂-၂၀၁၅ ရက်နေ့ နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေများနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ အပိုဒ်၊ အပိုဒ်ခွဲအလိုက် အတည်ပြုနိုင်ရေး ဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသောအပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့က ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေများနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အချက် ၆ ချက်အား တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးစတီဖန် ဖြစ်ပါတယ်ခင်ဗျ။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေများနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ အတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကိုယ်စား တင်ပြအပ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ပေးပို့လာသော တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်

အစည်းအဝေး ဒုတိယနေ့ဖြစ်တဲ့ ၂၀-၁-၂၀၁၅ ရက်နေ့တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၁ နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းနည်းဥပဒေများအပေါ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ၂၀၂ နှင့်အညီ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်နှင့် ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်တို့မှ ပြင်ဆင်ချက် အဆိုများ တင်သွင်းလာပါသည်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၂၃-၂-၂၀၁၅ ရက်နေ့ တွင် ပြင်ဆင်ချက်အဆိုတင်သွင်းသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၊ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင် အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဒုတိယ ဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပါသည်။ ယင်းညှိနှိုင်း အစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန် တင်ပြချက် ၆ ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

အစဉ် ၁ စာမျက်နှာ ၁ မှ ၃ အထိ အမှတ်စဉ် ၂ မှ ၅ အထိ အခန်း(၃) နည်းဥပဒေ ၆ နည်းဥပဒေခွဲ(ခ)၊ နည်းဥပဒေ ၆ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေ ၆ နည်းဥပဒေခွဲ(ဇ)၊ နည်းဥပဒေ ၆ နည်းဥပဒေခွဲ(ထ)၊ အစဉ် ၂ စာမျက်နှာ ၅ အမှတ်စဉ် ၁၀ အခန်း(၅) အသစ်ဖြည့်စွက်ချက် နည်းဥပဒေ ၁၀ နည်းဥပဒေခွဲ(စ)၊ အစဉ် ၃ စာမျက်နှာ ၉ အမှတ်စဉ် ၂၀ အခန်း ၁၁ အသစ်ဖြည့်စွက်ချက် နည်းဥပဒေ ၃၅။ သို့ဖြစ်ပါ၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် ၆ ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေများနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက် ၆ ချက်အား အတည်ပြုရန် ဒီမှာ ရှေ့မှာ ကျွန်တော်တို့ ပုံစံအရ ပုံမှန် ဇယားနဲ့ဖော်ပြထားသလို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားနဲ့လည်း ဖော်ပြထားပါတယ်။ အဲ့ဒီအထဲ မှာပါတဲ့ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေ

များနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက် ၆ ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေများနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက် ၆ ချက်သည် ဥပဒေကြမ်းကော်တီရဲ့ ပြင်ဆင်ချက်များအတိုင်း ဤနည်းဥပဒေ၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေများနှင့်စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ပြင်ဆင်ထားသည့် အချက် ၁၇ ချက်အား တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်သန့်(အတွင်းရေးမှူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး၊ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန့် ဖြစ်ပါတယ်။ ညှိနှိုင်းအစည်းအဝေး သဘောတူဆုံးဖြတ်ချက်များအရ ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ပြင်ဆင်ခဲ့တဲ့အချက် ၁၇ ချက်ကို ကျွန်တော်တင်ပြသွားမှာ ဖြစ်ပါတယ်။ စဉ် ၁ စာမျက်နှာ ၁ အမှတ်စဉ် ၁ အခန်း(၁) နည်းဥပဒေနှင့် နည်းဥပဒေခွဲ(ဃ) ကိုပယ်ဖျက်ခြင်း၊ စဉ် ၂ စာမျက်နှာ ၃ မှ ၄ အထိ၊ အမှတ်စဉ် ၆ မှ ၉ အထိ အခန်း(၅) နည်းဥပဒေ ၁၀ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေ ၁၀ နည်းဥပဒေခွဲ(ခ)၊ အသစ်ဖြည့်စွက်ချက် နည်းဥပဒေ ၁၀ နည်းဥပဒေခွဲ(ဃ)၊ အသစ်ဖြည့်စွက်ချက် နည်းဥပဒေ ၁၀ နည်းဥပဒေခွဲ (င)၊ စဉ် ၃ စာမျက်နှာ ၅ မှ ၈ အထိ၊ အမှတ်စဉ် ၁၁ မှ ၁၉ အထိ၊ အခန်း (၇)၊ နည်းဥပဒေ ၂၁ နည်းဥပဒေခွဲ(ခ)၊ နည်းဥပဒေ ၂၁ နည်းဥပဒေခွဲ(ဃ)၊ နည်းဥပဒေ ၂၁ နည်းဥပဒေခွဲ(င)၊ နည်းဥပဒေ ၂၂ နည်းဥပဒေခွဲ(က)၊ အသစ်ဖြည့်စွက်ချက် နည်းဥပဒေ ၂၂ နည်းဥပဒေခွဲ(ခ)၊ အသစ်ဖြည့်စွက်ချက် နည်းဥပဒေ ၂၂ နည်းဥပဒေခွဲ(ဂ)၊ အသစ်ဖြည့်စွက်ချက် နည်းဥပဒေ ၂၂ နည်းဥပဒေခွဲ(ဃ)၊ နည်းဥပဒေ ၂၂ နည်းဥပဒေခွဲ(င)၊ နည်းဥပဒေ ၂၃၊ စဉ် ၄ စာမျက်နှာ ၉ အမှတ်စဉ် ၂၀ အခန်း(၉)၊ နည်းဥပဒေ ၂၈ နည်းဥပဒေခွဲ(ခ)၊ စဉ် ၅ စာမျက်နှာ ၅ နှင့် ၁၀၊ အမှတ်စဉ် ၂၂ နှင့် ၂၃၊ အခန်း

(၁၁)၊ နည်းဥပဒေ ၃၆ နည်းဥပဒေ ၃၇ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ပြင်ဆင်ချက် ၁၇ ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေနဲ့ ဒီနေ့ အစီရင်ခံစာ တင်ပြထားတဲ့နေရာမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်နဲ့ ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်တို့မှ ပြင်ဆင်ချက်အဆို တင်သွင်းလာပါသည်ဆိုတဲ့အပိုဒ်လည်း ပါပါတယ်။ သို့ရာတွင် ဒီထဲမှာတော့ အခုတင်ပြတဲ့နေရာမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကပဲ အားလုံးတစ်ပေါင်းစည်းတည်း တင်ပြသွားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်က အခု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ တင်ပြချက်ကို ဦးစိန်ဝင်းအနေနဲ့ ဘာများဆွေးနွေးလိုပါသလဲ။

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)**။ ။ ညှိနှိုင်းထားပြီးသားဖြစ်တဲ့အတွက် သဘောတူပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ ညှိနှိုင်းသဘောတူထားပြီးဖြစ်တဲ့အတွက်ကြောင့် အခြားတင်ပြစရာ မရှိပါဘူး။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ ကျန်တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနဲ့ ဥပဒေကြမ်းပူးပေါင်းကော်မတီကလည်း ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်နဲ့ ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်တို့က တက်ကြွစွာပါဝင်ပြီးတော့ ဆွေးနွေးတဲ့အကြောင်းကိုလည်း သီးခြားတင်ပြသွားတာရှိပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေများနှင့်စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက် ၁၇ ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

ဥက္ကဋ္ဌ။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေများနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် ၁၇ ချက်သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤနည်းဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေများနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေများ တစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေများ တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၂)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည် ဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။

မူကြမ်း

အချိန်၊ ၁၁း၅၀။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ၁၁း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။]